# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 30 December 2025 ၁၂၀၄၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနား ကျင်းပ** — စာမျက်နှာ » ၄

**အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြ** — စာမျက်နှာ » ၈

**တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ စတုတ္ထနှစ် မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်) ထုတ်ပြန်** — စာမျက်နှာ » ၉

ကြေးမုံ

# ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူများပူးပေါင်းပါဝင်တည်ဆောက်

၂၀၂၅ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း မိမိတို့အနေဖြင့် မိမိတို့၏ဘဝ၊ မိမိတို့၏ မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံကောင်းကျိုးများကို မည်ရွေ့မည်မျှ မည်သို့ဆောင်ရွက်ခဲ့သည်ကို ဆန်းစစ်ကြည့်သင့်ပေသည်။ ကုန်လွန်ခဲ့သောကာလတွင် မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် အကျိုးမဖြစ်ခဲ့သည်များကို သင်ခန်းစာယူပြီး နှစ်သစ်တွင် ယခုနှစ်ဟောင်းထက် ပိုမိုကောင်းမွန်သော မိမိအတွက်၊ နိုင်ငံအတွက်အကျိုးပြုနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုန်လွန်ခဲ့သောကာလကိုပြန်ကြည့်လျှင် အစိုးရက တိုင်းပြည်ကောင်းရာကောင်းကျိုးများ ဆောင်ရွက်နေသော်လည်း တစ်ဖက်တွင် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသူများကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာအကောင်အထည်ဖော်နိုင်ရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင် တိုင်းပြည်နှင့်လူမျိုးကောင်းကျိုးကိုမလိုလားသူများက မြို့ရွာများလုံခြုံရေးနှင့်လူမှုရေး၊ စီးပွားရေးစသည့်ကဏ္ဍအသီးသီးတို့ကို ဖျက်ဆီးနေကြသည်။ မိမိနေထိုင်ရာဒေသနှင့်မိမိလူမျိုးကို ထိခိုက်ပျက်စီးအောင်ပြုလုပ်သည့် အသိဉာဏ်မဲ့သောလုပ်ရပ်ဖြစ်သည်။

လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးဆိုသည့် ကောင်းမြတ်သည့်အကြောင်းကိစ္စများကို အကြမ်းဖက်တော်လှန်ရေးခေါင်းစဉ်တပ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို အောက်ကျနောက်ကျဖြစ်အောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ အဆိုပါလုပ်ရပ်များကို ရပ်တန့်အောင်၊ ကာကွယ်တားဆီးနိုင်အောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်ဟောင်းမှမကောင်းသောအမှုကိစ္စများကို နှစ်သစ်အထိကူးစက်မလာအောင် တားဆီးကာကွယ်ကြရမည်ဖြစ်သည်။ ကုန်လွန်ခဲ့သောကာလတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ခိုင်မာရေးတို့ကို စွန့်လွှတ်စွန့်စားစွာ ဆောင်ရွက်ခဲ့ကြသူများကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများသည် လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အချိန်အထိ ဖြစ်ပေါ်နေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်သစ်ကို တည်ဆောက်နေခြင်းဖြစ်သည်။ ဖြစ်ပေါ်နေသောပဋိပက္ခများကို ပြည်သူအားလုံးလိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးရေးနည်းများဖြင့်သာ ဖြေရှင်းဖော်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့်သာ တည်ငြိမ်အေးချမ်းမှုကိုဖော်ဆောင်နိုင်ပြီး စီးပွားရေး၊ လူမှုရေးစနစ်များ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ နိုင်ငံရေးနည်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအနေဖြင့် ခေါင်းစဉ်အမျိုးမျိုးပြပြီး လက်တွေ့တွင် ကိုယ်ကျိုးအတ္တသက်သက်ဖြင့် လက်နက်ကိုင်ပဋိပက္ခကိုသာဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များကလည်း ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးဟု ကြွေးကြော်နေကြသော်လည်း ဒီမိုကရေစီကိုမျက်ကွယ်ပြု၍ ပြည်ထောင်စုပြိုကွဲအောင် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဖြစ်ချင်သည်များကို ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်သည်များကို ပြည်ထောင်စုအကျိုးမြော်တွေး၍ ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်သင့်သည်။ မတူညီသည့်ရည်မှန်းချက်များကို တူညီသည့်ဘုံရည်မှန်းချက်များအဖြစ်ပြောင်းလဲပြီး ပြည်ထောင်စုကြီးအကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုကာ အားလုံးပါဝင်လက်တွဲဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ယခုအခါ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာအကောင်အထည်ဖော်နိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အပိုင်း(၂)နှင့် အပိုင်း (၃)တို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်နေပြီဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၅ ခုနှစ်အကုန် ၂၀၂၆ ခုနှစ်အကူးတွင် ဒီမိုကရေစီပထမစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ လာမည့်နှစ်သစ် ၂၀၂၆ ခုနှစ်တွင်ပေါ်ပေါက်လာမည့် ဒီမိုကရေစီအစိုးရသစ်နှင့် ပြည်သူများ ပူးပေါင်းပါဝင်လက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ဦးမြင့်ဆွေအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၂၁/၂၀၂၅(မကွေး)၊ ၃၅/၂၀၂၅(ရောဝတီ)၊ ၃၆/၂၀၂၅ (မကွေး)၊ ၃၉/၂၀၂၅(ရန်ကုန်)၊ ၄၀/၂၀၂၅ (မန္တလေး)၊ ၄၄/၂၀၂၅ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၉/၂၀၂၅ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှု အမှတ် ၃၈/၂၀၂၅ (မန္တလေး)၊ ၄၁/၂၀၂၅ (ပဲခူး)၊ ၄၇/၂၀၂၅ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁၃၈ | ၁,၁၇၆,၈၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၂၁၀ | ၇၇၇,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၉၆ | ၇၅၈,၄၀၀ |
| FPB | ၂,၄၅၀ | ၂,၄၀၀ | ၄၆၇ | ၁,၀၉၆,၂၅၀ |
| TMH | ၃,၆၀၀ | ၃,၈၀၀ | ၃၀၂ | ၉၃၇,၄၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၉၆၄ | ၁,၅၄၉,၁၅၀ |
| AMATA | ၄,၀၀၀ | ၄,၄၀၀ | ၃၁၁ | ၁,၃၄၂,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁,၄၈၇ | ၄,၆၀၉,၇၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၆၀၂ | ၁,၆၃၀,၅၀၀ |
| ASPGB(PLB) | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁,၁၀၅ | ၁၉,၁၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**


(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှု အခြေအနေများ၊ ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပရန် ကျန်ရှိနေသည့်မြို့နယ်များအား အပိုင်းလိုက် ဆက်လက်ကျင်းပသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။

**❝ရွေးကောက်ပွဲကျင်းပရန် ကျန်ရှိနေသည့် မြို့နယ်များအား အပိုင်းလိုက် ဆက်လက်ကျင်းပသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး❞**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ဟန္တိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ပုဂံဆောင်ညှိနှိုင်းတွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁) အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲတွင် လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှု၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်နေမှုတို့ကို လေ့လာခွင့်ရရှိခဲ့ပြီး နွေးထွေးပျူငှာစွာ ညှိနှိုင်းဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့်အတူ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁) ရွေးကောက်ပွဲသို့ လာရောက်လေ့လာခဲ့ကြသည့်နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး တက်ရောက်အမှာစကား ပြောကြားသည်။




ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသော ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန် - မြန်မာအသင်းမှ Mr. Yusuke WATANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက လာရောက်လေ့လာမှုအတွက် ဝမ်းမြောက် ဂုဏ်ယူကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခြင်းသည် လွှတ်တော် အသီးသီး ခေါ်ယူဖွဲ့စည်းနိုင်ရန်နှင့် လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့ အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြင့် အစိုးရအဖွဲ့ တာဝန် ပေးအပ်နိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးပါကြောင်း။

၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံ အတွက် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်စိတ်ချရမှုတို့ အတွက် စောင့်ကြည့်လေ့လာသူများ အဖြစ် ပါဝင်ခဲ့ကြသည့် အဆွေတော်တို့၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးပါကြောင်း၊ အဆွေတော်တို့၏ ပါဝင်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုတို့၏ အရေးပါပုံကို မီးမောင်းထိုးပြလျက် ရှိပါကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိမှုနှင့် အကြံပြုချက်များသည် ပြည်သူလူထု၏ ယုံကြည်မှုကို ခိုင်မာစေပြီး ဒီမိုကရေစီ စနစ် တိုးတက်ထွန်းကားရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါ အချက်အပေါ် အခြေခံ၍ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

အဆွေတော်တို့၏ မြန်မာနိုင်ငံအပေါ် သမာသမတ်ကျစွာ ထောက်ခံရပ်တည်ပေးမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေရင်း၊ ညီအစ်ကို စိတ်ဓာတ်များ ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ များစွာ ကျေးဇူးတင်ပါကြောင်း၊ အဆွေတော်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတို့သည် အစိုးရအချင်းချင်း ဆက်ဆံရေး သာမက နိုင်ငံသူ နိုင်ငံသားအချင်းချင်း ဆက်ဆံရေးသည်လည်း မိတ်ဆွေ အရင်းအချာနိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း။

အဆွေတော်တို့အနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ လေ့လာတွေ့ရှိမှုများ၊ အကြံပြုချက်များနှင့် ဆွေးနွေးမှုများကို ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံလိုပါကြောင်း၊ အဆွေတော်တို့၏သဘောထားအမြင်များကို လက်ခံရရှိပြီး နောင်တွင် ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့မှု အခြေအနေများကို မှတ်ချက်ပြုပြောကြားခဲ့သည်။

**(ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှု အခြေအနေမှတ်ချက်ပြုပြောကြားချက် အပြည့်အစုံကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးဖြင့် နေပြည်တော် လေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ညနေ ၆ နာရီ မိနစ် ၂၀ တွင် လည်းကောင်း လေကြောင်းခရီးဖြင့် အသီးသီးထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်းအခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတကာတာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များ

၂၉-၁၂-၂၀၂၅



**H.E.Mr.Sholban Kara-Ool**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**
**ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

ကြွရောက်လာကြတဲ့ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များခင်ဗျာ။ မနေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရွေးကောက်ပွဲကို နိုင်ငံတကာက စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ Delegation အဖွဲ့မှာ ရုရှားနိုင်ငံရဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များသာမက ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များပါ ပါဝင်ပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲသာမက အခြားနိုင်ငံများမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုပါ တစ်ကြိမ်မက လေ့လာခဲ့ဖူးပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံများကိုလည်း မိတ်ဆက်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကိုချိန်ထိုးပြီး လာရောက်လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့ကလေ့လာခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ဒီအလုပ်တွေဟာ တကယ်တော့ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တကယ်ကြိုးစားအားထုတ်နေတယ်ဆိုတာ သိသာမြင်သာပါတယ်။ ကျွန်တော်တို့ မနေ့က လေ့လာခဲ့တဲ့အချိန်မှာ ရွေးကောက်ပွဲ မဲပေးနေကြတာဟာ အီလက်ထရောနစ်စက်တွေကို အသုံးပြုနေတာတွေ့ရပါတယ်။ အီလက်ထရောနစ်စက်တွေဟာ တာဝန်ရှိသူများ ရှင်းပြချက်များအရ ပြင်ပက အီလက်ထရောနစ်နှောင့်ယှက်မှုတွေ လုံးဝမပြုလုပ်နိုင်ဘူးဆိုတာလည်း သိရပါတယ်။ ကျွန်တော်တို့ မျက်မြင်ကြည့်တဲ့အချိန်မှာလည်းမှန်ပါတယ်။ ကောင်းကောင်းမွန်မွန်လည်း အလုပ်လုပ်ပါတယ်။ ပြင်ပက နှောင့်ယှက်မှုပုံစံမျိုးလည်း မတွေ့ရပါဘူး။ ဒီစက်တွေကို အသုံးပြုပြီးတော့ ရွေးကောက်ပွဲလုပ်ဆောင်ခြင်းဟာ တကယ်စစ်မှန်တဲ့ရလဒ်တွေ ရရှိလာလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။ အခုရွေးကောက်ပွဲမှာ Electronic Voting Machine တွေ အသုံးပြုခြင်းဟာ ရွေးကောက်ပွဲအတွက် ဆုလာဘ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အသုံးပြုတဲ့ စက်တွေအနေနဲ့ အရင်တုန်းက ရွေးကောက်ပွဲ မဲပေးတဲ့အချိန်မှာ ကြာမြင့်မှုတွေကို အများကြီး လျှော့ချနိုင်တာကို ကျွန်တော်တို့ မျက်မြင်ပဲတွေ့ခဲ့ပါတယ်။ မဲပေးမှုလုပ်ငန်းတွေ မြန်ဆန်လာတာ တွေ့ရှိခဲ့ပါတယ်။ ဆန္ဒမဲပေးမယ့်လူတွေက အတန်းရှည်ကြီးတွေ တန်းစီပြီးတော့ တကယ်ကို တက်ကြွစွာ တွေ့ရပါတယ်။ သူတို့လည်း ပျော်ရွှင်နေကြပါတယ်။ ဒီမှာလုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေလည်း ကိုယ့်အလုပ်ကို ဂရုတစိုက်တက်ကြွစွာ လုပ်ဆောင်နေတာတွေ့ရပါတယ်။ မနေ့က ကျွန်တော်တို့ မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့ အခြားမေးမြန်းမှု အနည်းငယ် ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလည်းရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာ မဲပေးဖို့ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ ကိုယ်စားလှယ်တွေကလည်း သူတို့အလုပ်ကို ဂရုတစိုက် လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့ မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါကတကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့သဘောဖြစ်ပါတယ်။ ဒီလိုမျိုးတွေကို ကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့ သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ကျင်းပပေးသူတွေရော၊ ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့ တည်ငြိမ် အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့ လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ ရမယ့် ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့ လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေ ရွေးကောက်ပွဲအပေါ် တကယ့်ကို ကြိုးစားအားထုတ်ခဲ့မှုတွေ၊ မြန်မာနိုင်ငံအကြီးအကဲရဲ့ ရွေးကောက်ပွဲအပေါ် တကယ့်ကို စိတ်ဆန္ဒအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲအပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

> ❖ **ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့ လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ရမယ့် ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့ လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။**
>
> H.E.Mr.Sholban Kara-Ool



**Mr. Igor Borisov (ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)**

အခမ်းအနားကို ကြွရောက်လာကြတဲ့မိတ်ဆွေများ မင်္ဂလာပါ။ ကျွန်တော်တို့ Delegation ခေါင်းဆောင် မြန်မာနိုင်ငံမှာကျင်းပတဲ့ ရွေးကောက်ပွဲအပေါ် သူရဲ့အမြင်တွေကို ပြောပြသွားတာ တော်တော်ပြည့်စုံပါတယ်။ ကျွန်တော် မြင်တွေ့ခဲ့တာကို အနည်းငယ် ပြောပြချင်ပါတယ်။ အခုကျင်းပပြုလုပ်တဲ့ရွေးကောက်ပွဲက ပွင့်လင်းမြင်သာမှု ရှိပါတယ်။ ဥပဒေနဲ့ညီစွာ ဆောင်ရွက်တာမို့လို့ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ တာဝန်ရှိသူများရဲ့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ဒီရွေးကောက်ပွဲကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့ပြည်သူအချို့နဲ့ ကျွန်တော်တို့ စကားပြောဆိုမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေနဲ့ သွားရောက်လေ့လာခဲ့တဲ့ မဲရုံတွေက ဝန်ထမ်းတွေနဲ့ စကားပြောဆိုနိုင်ခဲ့ပါတယ်။ Electronic Voting Machine ရဲ့ အလုပ်လုပ်မှုကိုလည်း သိရှိခဲ့ရပါတယ်။ တာဝန်ရှိသူတွေ စီစဉ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်တွေရော ကျွန်တော်တို့ လာရောက်လေ့လာဖို့အတွက်စီစဉ်ထားတာရော၊ Electronic Voting Machine တွေ အသုံးပြုတာတွေကိုပါ ကောင်းမွန်ပါတယ်လို့ မှတ်ချက်ပေးလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော် ကြေညာလိုပါတယ်။ ကျွန်တော် ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျ ဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်း အပေါ်က သွေဖည်အောင်လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲ မကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး သတင်းတွေ ပျံ့နှံ့အောင်လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကို Information Technology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရော ပြည်သူတွေပါ ဒီလို တိုက်ခိုက်မှုတွေကို ရှောင်ရှားကျော်လွှားပြီးတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မယ့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကိစ္စရပ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် ပြောလိုပါတယ်။ ကျွန်တော်ထပ်မံပြောကြားလိုတာက မြန်မာနိုင်ငံအကြီးအကဲရဲ့ ထောက်ပံ့ပေးမှု၊ ပြည်သူတွေအားလုံး ရွေးကောက်ပွဲအပေါ် အောင်အောင်မြင်မြင် ကျော်လွှားနိုင်ခဲ့တယ်ဆိုတာ ထပ်လောင်းပြောချင်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကူအညီတွေလိုတယ်ဆိုရင် အကူအညီပေးဖို့အသင့်ရှိတယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

စာမျက်နှာ ၆ သို့ ☆

> ❖ **ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာ ထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့ တက်ကြွစွာ လုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော်ကြေညာလိုပါတယ်။ ကျွန်တော် ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျ ဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင် လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲမကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး သတင်းတွေ ပျံ့နှံ့အောင် လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကို Information Technology တွေ အသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။**
>
> Mr. Igor Borisov

> မြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရွန်နစ်မဲပေးစက်တွေကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါကလုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။
>
> Mr . Alexei Bashan

☆ စာမျက်နှာ ၅ မှ



**Mr.Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်**

ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုလိုမျိုး လာရောက်လေ့လာဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို သုံးရက်အတွင်းမှာ လာရောက်ပြီး မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကို ဘယ်လိုမျိုးပြင်ဆင်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပဲဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ဖိတ်ကြားမှုနဲ့ အခုလိုမျိုးစောင့်ကြည့်လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပင်ဝမ်းသာဂုဏ်ယူမိပါတယ်။ အထူးသဖြင့်ကတော့ ရွေးကောက်ပွဲတွေ ဖော်ဆောင်တယ်ဆိုတာ ကျွန်တော်တို့သမ္မတကြီး ရှီကျင့်ဖျင်နဲ့ မြန်မာနိုင်ငံ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ကြားမှာထားရှိတဲ့ သဘောတူညီမှု၊ တရုတ်-မြန်မာကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်နေတာဖြစ်ပြီးတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုလည်း ထောက်ပံ့ကူညီမှုတွေများစွာ ပြုလုပ်လျက်ရှိပါတယ်။ မနေ့က ဆိုရင် နေပြည်တော်မှာရှိတဲ့ မဲရုံခြောက်ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲလိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့ အကြမ်းဖျင်းအားဖြင့် အားလုံးကောင်းမွန် အဆင်ပြေနေတာကို တွေ့ရပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကို ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးမဲရုံမှာ မဲရုံပိတ်ဖို့ တစ်နာရီခွဲလောက်ပဲလိုတော့တာတောင် မဲပေးဖို့စီတန်းစောင့်နေကြတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ID ကတ်တွေနဲ့ သူတို့ရဲ့အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာ တွေ့ရပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အခုကျင်းပတဲ့ ရွေးကောက်ပွဲအပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ရွေးကောက်ပွဲဖြစ်တဲ့အတွက် နောင်ကျင်းပမယ့် အပိုင်း (၂)နဲ့ အပိုင်း(၃)မှာလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ မျှော်မှန်းချက်တွေ ရှိတယ်ဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင်သူတို့ဘဝတွေ ပိုကောင်းလာမယ်။ စီးပွားရေးတွေ ကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေ လျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခုရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိသော နိုင်ငံတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။ နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိအောင် ထူထောင်သွားဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲမှသည် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်ခင်ဗျာ။




**Mr . Alexei Bashan ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများ မည်ကဲ့သို့ကျင်းပမည်နှင့် ၎င်းတို့ကို မည်သို့စီစဉ်ထားသည်ကို စောင့်ကြည့်ရန်အတွက် လေ့လာသူများအဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးသတိပြုမိတာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့လုပ်ဆောင်နိုင်စွမ်းက အလွန်တရာ စနစ်ကျနမှုရှိပြီး အရည်အသွေးပြည့်ဝမှုရှိတယ်ဆိုတာပါပဲ။ သတ်မှတ်ထားတဲ့ မဲရုံတွေမှာ နိုင်ငံသားများလွတ်လပ်စွာနှင့် လုံခြုံစွာမဲပေးနိုင်စေရန်အတွက် အစွမ်းကုန်လုပ်ဆောင်ထားပါတယ်။ ဒီလိုလုံခြုံရေးအာမခံချက်ရှိဖို့က မဲရုံတစ်ခုအတွက် လွန်စွာအရေးကြီးပါတယ်။ မဲဆန္ဒရှင်အများအပြားက သူတို့ကိုယ်ပိုင် ရွေးချယ်မှုပြုလုပ်ပြီး သူတို့ရဲ့အနာဂတ်ကိုဆုံးဖြတ်ဖို့ မဲပေးဖို့လာရောက်ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါက အလွန်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ လူငယ်တွေနဲ့ မိသားစုဝင်တွေပါမကျန် လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာ ထင်ရှားလို့ပါ။ ယနေ့မှာ နိုင်ငံသားများက လွှတ်တော်အမတ်တွေကို ရွေးကောက်တင်မြှောက်နိုင်စေဖို့ တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သတိပြုမိပါတယ်။ ၎င်းအမတ်တွေနဲ့ နောက်ပိုင်းမှာ အစိုးရတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး အီလက်ထရွန်နစ်မဲပေးစက်တွေကို အသုံးပြု၍ မဲပေးခြင်းရဲ့ ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါက လုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကို ဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ မဲပေးဖို့ ရှည်လျားတဲ့လူတန်းတွေ မရှိပါဘူး။ အရာအားလုံးက ရိုးရှင်းပြီး မြန်ဆန်လွယ်ကူစေပါတယ်။ မဲရုံဝန်ထမ်းတွေ (မဲရုံတွေကို စီစဉ်သူတွေ) နဲ့ မဲဆန္ဒရှင်တွေ ကိုယ်တိုင်အတွက် ကနဦးလေ့ကျင့်မှုတွေ အပါအဝင် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူးဝမ်းသာဂုဏ်ယူပါတယ်။ မဲဆန္ဒရှင် လူကြီးလူငယ်အရွယ်မရွေး အားလုံးက ယုံကြည်မှုရှိစွာနဲ့ မဲပေးဖို့ အချိန်မီလာရောက်ပါတယ်။ အလုံးစုံခြုံပြောရရင် မဲဆန္ဒရှင်ပြည်သူတွေမျက်နှာပေါ်မှာ အပြုံးတွေဝေဆာနေတာ တွေ့ရတဲ့အတွက် ဒါက ဘာကိုဆိုလိုတာလဲဆိုရင် သူတို့အနာဂတ်အတွက် သူတို့ယုံကြည်မှုရှိတယ် ဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

**Mr. Shpakouski Aliaksandr၊ ဘယ်လာရုစ်လွှတ်တော်အမတ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လွှတ်တော်အဖွဲ့၏ အကြီးအကဲများသည် ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ မြန်မာနိုင်ငံသို့ရောက်ရှိနေခဲ့ပြီး ယနေ့တွင် မြို့တွင်းရှိ မဲရုံသုံးခုသို့ သွားရောက်ခဲ့ကြတယ်။ လက်ရှိအချိန်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတွေရဲ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ဖို့ အခြေအနေအားလုံးကို ဖန်တီးထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေး



Mr. Shpakouski Aliaksandr

လုပ်ငန်းစဉ်၏ တစ်ခုတည်းသော မှန်ကန်သည့်လမ်းစဉ်ဖြစ်ပြီး အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုတွင် သန့်ရှင်းသောယှဉ်ပြိုင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုနဲ့ အရပ်ဘက်သဘောတူညီချက်အတွက် တိကျသောခြေလှမ်းတစ်ရပ်ကို လှမ်းနေတာ ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းမှာပါဝင်ဖို့ ငြင်းဆန်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ ဥပဒေနယ်ပယ်ကနေ သူတို့ကိုယ်သူတို့ ဖယ်ထုတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီတဲ့လမ်းကြောင်းကို လျှောက်လှမ်းနေကြတာပါ။ အဲဒီလို နိုင်ငံရေးအင်အားစုတွေဟာ နေရာတစ်နေရာကနေ အခြေခံအားဖြင့် ရွေးကောက်ပွဲလှုပ်ရှားမှုများ မရှိအောင်ဖျက်ဆီးနေကြပါတယ်။ လွှတ်တော်ရွေးကောက်ပွဲ ရလဒ်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်းနိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့သောလေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှုများရရှိခဲ့တယ်။ လက်ရှိအခြေအနေမှာ ခက်ခဲနေဆဲဖြစ်သော်လည်း ဘယ်လာရုစ်နိုင်ငံသည် ကျွန်ုပ်တို့၏ မြန်မာမိတ်ဆွေများအား လိုအပ်သော နိုင်ငံရေးပံ့ပိုးမှုများပေးအပ်ရန် အမြဲအသင့်ရှိနေပြီး ယခုလို ဘယ်လာရုစ်မှ လေ့လာသူများလည်း ရှိနေပါတယ်။ ဤသည်မှာ ကျွန်ုပ်တို့၏ခေါင်းဆောင်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ခိုင်မာစေရန် ရည်ရွယ်ချက်အား ထောက်ခံကြောင်း သက်သေခံချက်တစ်ခုဖြစ်တယ်။ စာမျက်နှာ ၇ သို့ ☆

> ယခုရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိသောနိုင်ငံတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။
>
> Mr.Deng Xijun

> လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့စည်းနိုင်လိမ့်မယ်လို့ ကျွန်ုပ်တို့ ယုံကြည်ပါတယ်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့သောလေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းရာမှာ အောင်မြင်မှုများရရှိခဲ့တယ်။
>
> Mr. Shpakouski Aliaksandr

✰ စာမျက်နှာ ၆ မှ



**Mr. Yerman Mukhtar (ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ)**

ကျွန်တော့်အနေနဲ့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဆုံး ပြောကြားလိုတာကတော့ ဒီမှာတက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံးဟာ မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံ နှစ်နိုင်ငံအကြားမှာ ရင်းနှီးတဲ့ဆက်ဆံရေးဖြစ်တဲ့ သံတမန်ဆက်ဆံရေးတည်ဆောက်ဖို့အတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်မှာဖြစ်တဲ့အကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာကျင်းပတဲ့ရွေးကောက်ပွဲမှာ လာရောက်ကြည့်ရှုလေ့လာဖို့နဲ့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှေ့ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ နှစ်နိုင်ငံကြား ကိစ္စရပ်တွေကို ဆွေးနွေးဖို့အတွက် လာရောက်ရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ လာရောက်လေ့လာတဲ့အခါမှာ လှိုက်လှဲစွာကြိုဆိုတဲ့အတွက်ရော လေ့လာဖို့အတွက် အကောင်းဆုံး အခြေအနေတစ်ခု ဖန်တီးပေးတာကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရောက်လာတဲ့အချိန်ကနေစပြီးတော့ ရန်ကုန်မြို့မှာရော နေပြည်တော်မှာရော မြန်မာနိုင်ငံမှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာ သတင်းအချက်အလက်ပေါင်းများစွာကို ရရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီးပြောကြားခဲ့တဲ့ မိန့်ခွန်းဟာဆိုရင် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နေတဲ့ Process တွေအားလုံးနဲ့ ရွေးကောက်ပွဲမှာ အသုံးပြုမယ့် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်တွေကို ကျွန်တော်တို့ ကောင်းစွာသိရှိခဲ့ရပါတယ်ခင်ဗျ။ မြန်မာနိုင်ငံ ရွေးကောက်ပွဲမှာဆိုရင် တကယ့်ကို အသုံးဝင်ပြီးတော့ တကယ့်ကိုပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ယခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့အတွက်လည်း စဉ်းစားထားပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလိုရွေးကောက်ပွဲ တစ်ခုကိုလုပ်ဆောင်ရတာဟာ တကယ့်ကိုကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလို လုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီး လုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာ လုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာမဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကိုအလွယ်တကူ ရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်တွေအနေနဲ့ မဲစာရင်းကပ်ထားတဲ့ဘုတ်တွေမှာ မိမိတို့စာရင်းတွေကို ကြည့်ရှုံသာမက မဲပေးတဲ့နေရာရောက်ရင်လည်း သူတို့စာရင်းကို စာအုပ်မှာကြည့်ပြီးတော့ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုခန်းမှာသွားပြီး လျှို့ဝှက်မဲပေးကြတာ တွေ့ရပါတယ်။ မဲရုံတွေမှာ မဲပေးစက်ကို အကောင်းဆုံး သေသေချာချာ ထိရောက်မှုအပြည့်နဲ့ သုံးစွဲသွားတာကို တွေ့ရပါတယ်။ ဆန္ဒမဲပေးတဲ့လူတွေက တက်တက်ကြွကြွ ပါဝင်ပြီး မဲပေးကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်တွင်း/ပြည်ပမှ သတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများက သတင်းရယူထုတ်လွှင့်နေတာကိုလည်း တွေ့ရှိရပါတယ်။ အရေးကြီးတဲ့အချက်တစ်ခုကတော့ မဲပေးကြတဲ့သူတွေထဲမှာ လူငယ်များစွာပါဝင်တာကို တွေ့ရပါတယ်ခင်ဗျ။ ဒါကတော့ ဘာကိုပြသသလဲဆိုရင် ရွေးကောက်ပွဲ အပိုင်း(၁)မှာ လူငယ်များစွာပါဝင်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဖြစ်ပေါ်လာမယ့် အနာဂတ်အတွက် မျှော်လင့်ချက်ကြီးကြီးထားတယ်ဆိုတာမျိုး သုံးသပ်လို့ရပါတယ်။ နောက်ထပ် ပြောလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ဆတက်ထမ်းပိုးတိုးပွားစေဖို့ ကျွန်တော်တို့အနေနဲ့ အသင့်ရှိကြောင်း ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့မြန်မာနိုင်ငံရွေးကောက်ပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



**H.E. Mr. YICH Samethy (ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)**

ကျွန်တော့်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်ကိုယ်စား လာရောက်လေ့လာခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က မနေ့က နေပြည်တော်မှာရှိတဲ့ မဲရုံတွေကို သွားရောက်လေ့လာတဲ့အခါမှာ အောက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များကို ကျွန်တော်မျှဝေပေးလိုပါတယ်ခင်ဗျ။ ပထမဆုံးအနေနဲ့ မဲရုံများကိုပြင်ဆင်ထားရှိမှုနဲ့ ကျင်းပဆောင်ရွက်မှုတွေဟာဆိုရင် အလွန်ကို ပြီးပြည့်စုံပြီးတော့ အေးချမ်းတာကို တွေ့ရပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း ကောင်းမွန်စွာနဲ့ ရွေးကောက်ပွဲကို ၎င်းတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးများကို အသုံးချပြီး ပြင်ပမှ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်း တစ်စုံတစ်ရာ မခံရဘဲ မဲပေးနိုင်ခဲ့တာကို တွေ့နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ မဲရုံမှာတာဝန်ကျတဲ့ အရာရှိများ အားလုံးကလည်း ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီမဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှု ဖြစ်ပါတယ်။ မဲပေးတဲ့လုပ်ငန်းစဉ်တစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ပြီးတော့ သေချာစွာမဲရုံကို ပိတ်သိမ်းခြင်း၊ မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းကိုလည်း သက်ဆိုင်ရာ ပတ်သက်သူများ၊ State Holder များ အားလုံးက ပါဝင်ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများအပြင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများကပါ အတူတူပူးပေါင်းတာမျိုးကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုပြီး မဲပေးသူမဲဆန္ဒရှင်များအနေနဲ့ မဲပေးနိုင်ခဲ့တဲ့အတွက် မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းများကို ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ပိုမိုတိကျမှန်ကန်တာကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ ပတ်သက်ပြီး ကောင်းမွန်စွာ သိရှိနားလည်ထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ ပဉ္စမအချက်အနေနဲ့ကတော့ မဲရုံမှာကောင်းမွန်စွာနဲ့ လုံခြုံစိတ်ချစွာမဲပေးနိုင်ရုံမျှသာမကဘဲ မဲရုံဝန်ထမ်းတွေအတွက် ကောင်းမွန်မှန်ကန်တဲ့ လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိတာကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဆဋ္ဌမ အချက်အနေနဲ့ မမှန်မကန်ပြုလုပ်ခြင်းများကို ကျွန်တော်တို့ တစ်စုံတစ်ရာမှ မတွေ့ရှိခဲ့ရပါဘူး။ အဲဒီလိုမျိုးမတွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကိုတွေ့ရှိခဲ့ရပြီး မမှန်မကန်ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင် အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လည်း လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ထားတာ တွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျ။ နိဂုံးချုပ်အနေနဲ့ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာ ကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး **လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ** တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှု တစ်စုံတစ်ရာ လုံးဝမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့် ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာ လိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။ အခုလိုဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ၂၀၂၆ ခုနှစ်ကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် အဆွေတော်နဲ့ ဧည့်သည်တော်များအားလုံး ကောင်းမွန်သောနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်။ တစ်ရက်တည်းမှာ အခုလိုရွေးကောက်ပွဲတစ်ခုကို လုပ်ဆောင်ရတာဟာ တကယ့်ကို ကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့ တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီး လုပ်ဆောင်ရတာ အများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာ တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာ လုပ်ဆောင်ထားတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာမဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့စာရင်းတွေကို အလွယ်တကူရှာဖွေတွေ့ရှိအောင် လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။**

Mr. Yerman Mukhtar

**၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာ ကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ ဖော်ဆောင်ခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှု တစ်စုံတစ်ရာ လုံးဝမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့် ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။**

H.E. Mr. YICH Samethy

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

## အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြ



✣ **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့် ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့**

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုသည် နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲလာနေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှု အညွှန်းကိန်း (Global Terrorism Index-GTI) အစီရင်ခံစာအရ အကြမ်းဖက်မှု ပုံသဏ္ဌာန်သည် သမားရိုးကျ နည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ Non-State Actor များသည် Drone များကို ပိုမိုအသုံးပြုလာကြောင်း၊ မိမိနိုင်ငံတွင်လည်း အကြမ်းဖက်အဖွဲ့အစည်းများသည် Drone နည်းပညာဖြင့် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းတို့ လုပ်ဆောင်နေသည့်အပြင် ဆိုက်ဘာနယ်ပယ်ကို အသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကိုလည်း ပိုမိုလုပ်ဆောင်လာကြကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ရည်ရွယ်ချက်ငါးရပ်ဖြင့် ရေးဆွဲ၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၉ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီသုံးရပ်နှင့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

အကြမ်းဖက် သောင်းကျန်းသူများသည် ၎င်းတို့ကို ဆန့်ကျင်ရှုတ်ချသူများကို သာမက မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်လိုသူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲသတ်ဖြတ်ခဲ့ကြပါကြောင်း၊ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး စသည်တို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် သာမန်ပြည်သူများ ထောင်နှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ပြုစုထားသော စာရင်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း အဆောက်အအုံနှင့်ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာတော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်းနှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း။

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့များသည် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်းတို့အပါအဝင် တရားမဝင်လမ်းကြောင်းများမှ ရန်ပုံငွေရှာဖွေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Financial Action Task Force (FATF)၏ စောင့်ကြည့်မှုအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုကို တားဆီးတိုက်ဖျက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းဥပဒေများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃)နှင့် (၂၄၆၂) အပါအဝင် နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်AA အဖွဲ့၏ မူးယစ်ဆေးဝါး ကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါး မှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင် သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာမူးယစ်ရာဇဓာများနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ AA အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်အထိ ၂၄ ကြိမ်ရှိခဲ့ပါကြောင်းနှင့် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သောအမှုကိုးမှု ပါဝင်ပါကြောင်း၊ ထွက်ဆိုချက်များအရ အဖမ်းခံရသူများသည် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းချခြင်းကို ပုဂ္ဂလိက စီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန်ပေးအပ်ခံရသဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ မူးယစ်ဆေးဝါးမှရရှိသော အကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းရာတွင် အသုံးပြုပါကြောင်း၊ ၎င်းတို့သည် နိုင်ငံတကာ လက်နက်မှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်း အပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်နေသည်ကို တွေ့ရှိရပါကြောင်း။

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေပါကြောင်း၊ ၂၀၂၅ ခုနှစ်၏ နိုင်ငံတကာနှင့်ဒေသတွင်း ဖြစ်စဉ်များအရ အကြမ်းဖက် အဖွဲ့များသည် ၎င်းတို့၏ စစ်ဆင်ရေးစရိတ်နှင့် လက်နက်ဝယ်ယူရန် ငွေကြေးကို မူးယစ်ဆေးဝါး ရောင်းဝယ်မှုမှ အဓိကရရှိကြခြင်း ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုမှ ရရှိသောငွေများကို Cryptocurrency အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ခြေရာဖျောက် ခဝါချပြီးနောက် အဆိုပါငွေများအား အကြမ်းဖက်လုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းဖြစ်ပါကြောင်း၊ အဆိုပါမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ၏ အဓိကသော့ချက်သည် သတင်းအချက်အလက် မျှဝေခြင်းနှင့် ဥပဒေကြောင်းအရ အပြန်အလှန် အကူအညီပေးခြင်းတို့ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး ဥပဒေနှင့်အညီ ဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်သော ဗဟိုအဖွဲ့များအနေဖြင့် အပြန်အလှန်ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သည့်အချက်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားဆောင်ရွက်ချက်များသည် နယ်စပ်ဒေသ၌ ရပ်တန့်သွားနိုင်သော်လည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် အကြမ်းဖက်သမားများအတွက် မည်သည့်နေရာမှ ခိုလှုံရာ မရှိစေရန် ဖန်တီးပေးနိုင်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းအချက်အလက်များ မျှဝေခြင်း၊ တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှု၏ မူလဇာစ်မြစ်ကို ဖြေရှင်းရန် အတူတကွ လုပ်ဆောင်ခြင်းတို့ ပါဝင်နေပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်းပြီး INTERPOL၊ ASEANAPOL တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ ကုလသမဂ္ဂ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆိုင်ရာမဟာဗျူဟာ၊ အာဆီယံ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ ဘင်းမ်စတက် ကွန်ဗင်းရှင်း စသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာမူဘောင်များအပေါ် အခြေခံ၍ "အကြမ်းဖက်မှု၊ အစွန်းရောက် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒရေးရာ လမ်းညွှန်ချက် (မူကြမ်း)"ကို ရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူဝါဒရေးရာလမ်းညွှန်ချက်ကို အခြေခံ၍ အမျိုးသားအဆင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး မဟာဗျူဟာကို ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဖွဲ့ဝင်များက သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးပို့ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ လက်ရှိ ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုများ၊ မှတ်တမ်းတင်ပေးရန်ကိစ္စရပ်များ၊ အတည်ပြုပေးရန်ကိစ္စရပ်များ၊ အမျိုးသားအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိဂုံးချုပ်မှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်)ထုတ်ပြန်

**နေပြည်တော်  ဒီဇင်ဘာ ၂၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် “တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး” ဟူသည့်ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို အကောင်အထည်ဖော်လျက်ရှိသည်။ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ “တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ၂၀၂၆ ခုနှစ်အတွက် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။




တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၅)ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူ လက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှု စွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ (၃) နှစ်တာကာလအတွင်း ဦးစားပေးအဆင့် (၁) အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ်လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာwww.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော်  ဒီဇင်ဘာ ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များ လုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ကြည့်ရှုစဉ် ဟိုတယ်များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အခန်းတွင်း၊ အခန်းပြင် ခင်းကျင်းထားရှိမှု၊ လုပ်ငန်းတိုးတက်မှုနှင့် ဧည့်သည်များလာရောက်တည်းခိုမှု၊ ဧည့်သည်များ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်များသို့ လာရောက်တည်းခိုနေထိုင်ကြမည့်ဧည့်သည်များကို အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားကြရေး၊ ဟိုတယ်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည် ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ အစားအစာ ချက်ပြုတ်ဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး သန့်ရှင်းသပ်ရပ်မှု ရှိအောင် ပြင်ဆင်ထားရှိကာ မြန်မာ့ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ချက်ပြုတ်ပြင်ဆင်ဧည့်ခံရေး၊ ဟိုတယ်များသို့ ဧည့်သည်များ ပိုမိုလာရောက် တည်းခိုကြစေရေးအတွက် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ခရီးသွားပြပွဲများစီစဉ်ကျင်းပပြုလုပ်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များ သိရှိပြီး package tour များ၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရေး အတွက် အထောက်အပံ့ကောင်းများ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ပကတိအခြေအနေမှန်ကို သိရှိပြီး နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြစေရေး ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍအချင်းချင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အဓိက ခရီးစဉ်ဒေသကြီးများသာမက အလားအလာရှိသည့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပ ခရီးသွားပြပွဲများ၌ မြန်မာနိုင်ငံ ကိုယ်စားပြုခရီးသွားပြခန်းများ ခင်းကျင်းပြသနေမှု၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များ စီစဉ်ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာနေမှု၊ ခရီးသွားပြပွဲများ(UMTA Travel Fair 2026) ကျင်းပပြုလုပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သုံးခွမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**သုံးခွ  ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် “လွတ်လပ်ရေးမှသည် စည်းလုံးညီညွတ်သည့် နိုင်ငံတော်သစ်ဆီသို့” ခေါင်းစဉ်



ဖြင့် ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် “လွတ်လပ်ရေးမှသည် စည်းလုံးညီညွတ်သည့် နိုင်ငံတော်သစ်ဆီသို့” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် “လွတ်လပ်ရေးအောင်ပွဲဒို့ဆင်နွှဲ” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အလယ်တန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၃ ဦး၊ မူလတန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် ကိုးဦး စုစုပေါင်း ပြိုင်ပွဲဝင် ၇၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ  ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက လွတ်လပ်ရေးပန်းခြံအနီး၌ ဆောင်ရွက်သည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် ဝန်ထမ်းများက မိတ္ထီလာမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် အခြေခံအချက်များ ရှင်းလင်းပြောကြားပြီး လျှပ်စစ်အန္တရာယ်သတိပေးလက်ကမ်းစာစောင်များကို ဒေသခံပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှု မြင်ကွင်း

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ် ၁၀၂ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုမြင်ကွင်းများကို ဆက်လက်ဖော်ပြလိုက်ပါသည်။



**ဟိုပင်**

ကချင်ပြည်နယ် ဟိုပင်မြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှစတင်၍ မဲရုံအသီးသီး၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်စားစွာ ဆန္ဒမဲလာရောက်ပေးလျက်ရှိသည်။

ဟိုပင်မြို့၌ မဲဆန္ဒနယ် မဲရုံပေါင်း ၂၂ ရုံတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးခဲ့ကြောင်း သိရသည်။

**လင်းသွယ်ဦး(ပြန်/ဆက်)**

**မိုင်းဆတ်**



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်က မဲဆန္ဒရှင်ပြည်သူများ မိမိတို့ သက်ဆိုင်ရာ မဲရုံများသို့ ပျော်ရွှင်စွာလာရောက် မဲပေးခဲ့ကြသည်။

မိုင်းဆတ်မြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၃၅ အုပ်စုရှိပြီး မဲရုံ ၇၀ နှင့် အသက်(၁၈)နှစ်ပြည့်ပြီး မဲဆန္ဒရှင်ပြည်သူ ၅၀၇၀၈ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ခန္တီး**



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာမဲရုံများတွင် အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးသည်။

ခန္တီးမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်တွင် မဲရုံခုနစ်ရုံနှင့် ကျေးရွာအုပ်စုများတွင် မဲရုံ ၃၀ စုစုပေါင်းမဲရုံ ၃၇ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၂၆၅၁၀ ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**တာလေ**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အပိုင်း(၁)ကို စတင်ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့တွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်ချိန်မှစ၍ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာ မဲရုံများတွင်အေးချမ်းစွာ လာရောက်ဆန္ဒမဲ ပေးကြသည်။

တာလေမြို့၌ ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု သုံးအုပ်စုရှိပြီး မဲရုံ ၁၆ ရုံနှင့် အသက်(၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ ၁၆၂၈၂ ဦးရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



**ခိုလမ်**

ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ခိုလမ်မြို့အုပ်ချုပ်မှု နယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအသီးသီးတို့၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီမှစ၍ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲများ ပေးခဲ့ကြသည်။

ခိုလမ်မြို့အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စုများတွင် မဲရုံစုစုပေါင်း ၂၀ ဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၂၁၂၈၈ ဦးရှိကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**



ချောင်းသာမြို့၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးပြီး မှင်တို့နေမှုကို တွေ့ရစဉ်။

ချောင်းသာ(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုမြင်ကွင်း

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ် ၁၀၂ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှု မြင်ကွင်းများကို ဆက်လက်ဖော်ပြလိုက်ပါသည်။



သရက်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



ကန့်ဘလူမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
အောင်ဝင်းငြိမ်း(ကန့်ဘလူ)



လားရှိုးမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



မြန်အောင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ရွှေသောင်ယံမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ရွှေသောင်ယံ(ပြန်/ဆက်)



နတ်တလင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ဝေယံဖြိုး(ပြန်/ဆက်)



ကျိုင်းတုံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
အောင်ဇင်မြင့်(ပြန်/ဆက်)



လွိုင်လင်မြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



မအူပင်မြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
အောင်မြင့်မြတ်(ပြန်/ဆက်)



မူဆယ်မြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ချယ်ရီမြေ(မူဆယ်)



ချောက်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)




ကော့သောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



လက်ပံတန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံသစ်ကို တည်ဆောက်

ကိုရင်မောင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါနိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးစွမ်းအားများ ကောင်းမွန်ရန် လိုအပ်သည်။ နိုင်ငံရေးအင်အားကောင်းမွန်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမည်။ စီးပွားရေးအင်အားကောင်းမွန်လျှင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံရေး၊ စီးပွားရေးအင်အားကောင်းမွန်လျှင် ကာကွယ်ရေးအင်အားလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ကာကွယ်ရေးအင်အားကောင်းမွန်လျှင် တင့်တယ်မော်ကြွားသော နိုင်ငံဖြစ်လာမည်။ မိမိတို့၏ အချုပ်အခြာအာဏာကို မည်သူမျှ ထိပါးစော်ကားခြင်းမပြုနိုင်သည့် နိုင်ငံဖြစ်လာမည်။ ထို့ကြောင့် အဓိကကျသည့် နိုင်ငံ့စီးပွားတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံရေးနှင့် ကာကွယ်ရေးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

**"၂၀၂၅ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်တို့သည် အကောင်းဘက်သို့ အပေါင်းလက္ခဏာဆောင်လာသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုလက်တွဲပြီး အကြမ်းဖက်သောင်းကျန်းသူ ချုပ်ငြိမ်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်။ အကြမ်းဖက်မှုများရှိနေလင့်ကစား ဒီမိုကရေစီအရပ်ဘက်အုပ်ချုပ်ရေးကို ပုံဖော်ပေးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အထမြောက်အောင် ဆောင်ရွက်နေသည်။ ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိကာ တိုင်းပြည်အရှိန်အဟုန်ဖြင့် တိုးတက်မှုကိုရစေမည့် မောင်းနှင်အားဖြစ်လာမည်။ အောင်မြင်သော အသွင်ကူးပြောင်းရေးမှတစ်ဆင့် အာရှတစ်လွှားဒေသတွင်း သာယာဝပြောမှုကို ဖြစ်ပေါ်လာစေနိုင်မည်"**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်စဉ်အချိန်အခါက အမျိုးသားခေါင်းဆောင်များ၏ နိုင်ငံရေးအရ ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြင်းထန်သည့် လူငယ်လူရွယ်များနှင့် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်မှုတို့ဖြင့် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ကြသည်။ နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန်အတွက် ခနအင်အားပြည့်စုံရန်လိုသည်။ ထိုစဉ်က တိုင်းပြည်၏ ခနအင်အားသည် ကျူးကျော်နယ်ချဲ့တို့ လက်ဝယ်တွင်ရှိသဖြင့် လက်ရုံးရည်၊ နှလုံးရည်ကိုသာအားကိုးပြီး တိုင်းတစ်ပါးအကူအညီဖြင့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးသောအခါ တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးကို ပြာပုံဘဝမှ ပြန်လည်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

## သမိုင်းတွင် ကြုံတွေ့ခဲ့

နိုင်ငံလွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရသလို ရရှိပြီးသော လွတ်လပ်ရေးအရှည်တည်တံ့ခိုင်မြဲစေရန်နှင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ အေးချမ်းသာယာဝပြောသည့် နိုင်ငံတည်ဆောက်ရန်အတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောအချက်ဖြစ်သည်။ စီးပွားရေးကောင်းမွန်ပါမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံအဖြစ် အရှည်တည်တံ့နိုင်မည်ဖြစ်သည်။ တိုင်းပြည်စီးပွားရေးကောင်းမွန်မှုမရှိပါက ပြည်သူများ၏ လူမှုစီးပွားဘဝကျပ်တည်းလာပြီး အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားမည်။ ထိုမှတစ်ဆင့် နိုင်ငံရေးပယောဂအမျိုးမျိုး ပူးကပ်လာပြီး တိုင်းပြည်အချုပ်အခြာအာဏာ ထိပါးစေနိုင်သည့်အဖြစ်မျိုးကို သမိုင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ခဲ့သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများနှင့် ပါတီခေါင်းဆောင်များ အကွဲအပြဲဖြစ်ကြသည်။ ပြည်ထောင်စုပြိုကွဲမည့်အရေး၊ အချုပ်အခြာအာဏာ ထိခိုက်မည့်အရေးအပေါ် တပ်မတော်က ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ခဲ့ရသည်။ တပ်မတော်သည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် နိုင်ငံရေးစနစ်မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက်ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီခေတ်က စီးပွားရေးကောင်းမွန်သော်လည်း နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် အရာမရောက်သလို ဖြစ်ခဲ့ရသည်။

## တိုင်းပြည်ပြိုကွဲလုနီးပါး

ပါလီမန်ဒီမိုကရေစီခေတ်ပြီးသည့်နောက်တွင် ဆိုရှယ်လစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခဲ့သည်။ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသလို အားနည်းချက်များလည်းရှိခဲ့သည်။ မြန်မာ့နည်း၊ မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီဗဟိုဦးစီးစနစ်ကို ကျင့်သုံးသဖြင့် နိုင်ငံရေးထွက်ပေါက်ပိတ်သူများ၏ မကျေနပ်မှု၊ စီးပွားရေးစီမံကိန်းစနစ်ကြောင့် စီးပွားရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပါတီဝင်များကိုသာ ဦးစားပေးမှုကြောင့် မကျေနပ်မှု စသည်တို့ရှိခဲ့သည်။ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ အားနည်းမှုများ၊ စီးပွားရေးအရ ပိတ်ပင်ထားမှုများကြောင့် မှောင်ခိုစီးပွားရေးစနစ်ပေါ်ပေါက်လာခြင်း၊ သယံဇာတများကို ခိုးထုတ်ရောင်းချခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာပြီး ၁၉၈၈ ခုနှစ်တွင် တိုင်းပြည်ပြိုကွဲလုနီးပါး လှိုင်းကြီးလေထန်ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တပ်မတော်က အုတ်မြစ်ချပေးခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပပေးကာ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ အစိုးရက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့သည်။ တပ်မတော်က အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီ ပထမအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီကျင့်သုံးချိန်တွင် မကျေနပ်ချက်များကို အတိတ်၊ ပစ္စုပ္ပန်ရောထွေးပြီး အတိုက်အခံပြုလုပ်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်တွင် ဒီမိုကရေစီဒုတိယအစိုးရ တာဝန်ယူသောအခါ စီမံခန့်ခွဲမှု အတွေ့အကြုံအားနည်းမှု၊ ပြည်ပအထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်ပြီး ပြည်တွင်းစီးပွားရေးကို အားမပေးမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမရှိမှု၊ နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်အတိုင်း သြဇာခံဆောင်ရွက်ခဲ့မှုတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရသည်။

## ဝင်ငွေ ပိုမိုတိုးတက်ရရှိ

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံများအပေါ် သြဇာလွှမ်းမိုးနိုင်အောင် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍအား ထိန်းချုပ်နိုင်အောင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိအစိုးရ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာလျော့နည်းသွားသည်ကို တွေ့ရသည်။ ထို့အပြင် ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန် ကျန်ရှိနေသော ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်၍ ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ပြီး ဝင်ငွေပိုမိုတိုးတက်ရရှိလာအောင် တွန်းအားပေးလျက်ရှိသည်။

အဆိုပါ အခြေအနေများသည် အတိတ်ကာလနှင့် မျက်မှောက်ကာလ၌ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်လာသော ခေတ်အဆက်ဆက် အစိုးရများ၏ အခြေအနေများနှင့် ထိုခေတ်ထိုကာလများ၏ စီးပွားရေးဖြစ်ပေါ်မှုအခြေအနေများဖြစ်သည်။ နိုင်ငံ့စီးပွားရေး ဆုတ်ယုတ်မှုသည် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေသလို တစ်ဆက်တည်းတွင် နိုင်ငံရေးအရ ရိုက်ခတ်မှုများရှိလာပြီး တိုင်းပြည်တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိခိုက်လာနိုင်သည့်အခြေအနေများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့်နည်းတူ တိုင်းပြည်ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာအောင်၊ စီးပွားရေးကို အထူးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## စီးပွားရေး တိုးတက်အောင်

လက်ရှိတွင် နိုင်ငံရေးအရ ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ပြည်ပမှ ဖန်တီးနေကြသည်။ ယင်းအခြေအနေတွင် နိုင်ငံတော်က မိမိနိုင်ငံအတွင်းရှိ သယံဇာတနှင့် အရင်းအမြစ်များ၏ စွမ်းအားများကိုအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကိုယ်ပိုင်အရင်းအမြစ်များ နည်းပါးလာသည်နှင့်အမျှ စီးပွားရေးတွင်ထိခိုက်ပြီး အခြားကဏ္ဍမျိုးစုံတို့တွင်ပါ အားနည်းလာမည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးသည် အရေးပါသည့်အချက်ဟု ရှုမြင်နိုင်သည်။ နိုင်ငံတော်၏ သယံဇာတများနှင့် အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာလိုသည်။

ယနေ့ကာလ၌ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် နိုင်ငံရေး မတည်ငြိမ်မှုများနှင့် ကြုံတွေ့နေသည်။ နိုင်ငံရေးမတည်ငြိမ်မှု၏ အဆုံးသတ်တွင် စီးပွားရေးအကျပ်အတည်းဖြစ်မှုကို ဦးတည်လေ့ရှိသည်။ ယင်းကို ပြည်ပနယ်ချဲ့လက်သစ်နိုင်ငံများက ကြိုတင်စီမံပြီး ၎င်းတို့အကျိုးစီးပွားကို ဖန်တီးနေကြသည်။ ထို့ကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်သည့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်အောင် ကြိုးစားမှသာ မိမိနိုင်ငံ၏ ကိုယ်ပိုင်သယံဇာတများနှင့် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်နှင့် သယံဇာတများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ရာ အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည့် အလားအလာကောင်းများ များစွာရှိသည်။

## မဟာဗျူဟာကျ

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် သဘာဝတွင်းထွက်သယံဇာတပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများ ရှေးယခင်ကာလများမှ

**စာမျက်နှာ ၁၃ သို့ ☆**

# သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်အား မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်း၌ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်အား ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိသည်။



## ရှင်းလင်းပြသ

အဆိုပါပြတိုက်သို့ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သန်လျင်မြို့နေ ပြည်သူများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်မြို့နှင့် သန်လျင်မြို့ရှိ စိတ်ပါဝင်စားသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ သန်လျင်စက်ရုံမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လာရောက်လေ့လာကြည့်ရှုကြပြီး လာရောက်လေ့လာကြသူများအား ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စွမ်းအင်ပြတိုက်ကို မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကိုသိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန် ရည်ရွယ်ဖွင့်လှစ် ပြသခြင်းဖြစ်သည်။

ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလအထိ ခေတ်အလိုက်စုစည်းပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားရှိပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၉-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၁-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

☆ စာမျက်နှာ ၁၂ မှ

ယနေ့အချိန်တိုင်အောင် ရှိနေဆဲဖြစ်သည်။ ကျောက်မျက်ရတနာကဲ့သို့ ထင်ရှားသည့် ရတနာသိုက်များ ကမ္ဘာ့မြေပုံပေါ်တွင် မှတ်တမ်းရှိသည်။ သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့် ယှဉ်တွဲလျက် ရေနံသိုက်စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံရှိပြီး အာရှ၏ စွမ်းအင်ပိုင်ဆိုင်သော နိုင်ငံဖြစ်သည်ဟုဆိုသည်။ အများစုမှာ ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့နိုင်သော်လည်း ကုန်းတွင်းပိုင်းတွင်လည်း ရေနံထွက်ရှိနိုင်ကြောင်း၊ စုစုပေါင်းနိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ကြီးကြီးမားမား ဖြည့်ဆည်းပေးနိုင်ကြောင်း သိရပြီး မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တုမြေဩဇာ ဆန်အများဆုံးထွက်ရှိသော နိုင်ငံဖြစ်သဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များ လုံလောက်စွာရှိသည့်အပြင် ထူးခြားသောပထဝီဝင်စီးပွားရေးတည်နေရာအရ အာရှနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပေါင်းကူးတံတားဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကောင်းမွန်သလို အိန္ဒိယနိုင်ငံနှင့်လည်း အထူးခိုင်မာသော ဆက်ဆံရေးရှိသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံသည် အလားတူ ယဉ်ကျေးမှုအစဉ်အလာ ထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားနိုင်ငံကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းပြည်ပဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

## သာယာဝပြောမှုဖြစ်မည်

၂၀၂၅ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်တို့သည် အကောင်းဘက်သို့ အပေါင်းလက္ခဏာဆောင်လာသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုလက်တွဲပြီး အကြမ်းဖက်သောင်းကျန်းသူ ချုပ်ငြိမ်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည်။ အကြမ်းဖက်မှုများ ရှိနေလင့်ကစား ဒီမိုကရေစီ အရပ်ဘက်အုပ်ချုပ်ရေးကို ပုံဖော်ပေးသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အထမြောက်အောင် ဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်မည်မှာသေချာသည်။ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိကာ တိုင်းပြည်အရှိန်အဟုန်ဖြင့် တိုးတက်မှုကိုရစေမည့် မောင်းနှင်အား ဖြစ်လာမည်။ အောင်မြင်သော အသွင်ကူးပြောင်းရေးမှတစ်ဆင့် အာရှတစ်လွှားဒေသတွင်း သာယာဝပြောမှုကို ဖြစ်ပေါ်လာစေနိုင်မည်ဖြစ်သည်။

> ❝ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများ ရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများရှိလင့်ကစား မိမိတို့နိုင်ငံ၏ ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကိုမြှင့်တင်ကာ တိုင်းပြည်ဖျက်ဆီးသူများ၊ အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်နှင့်ပြည်သူ အတူလက်တွဲပြီး အပြီးတိုင်ချေမှုန်းရှင်းလင်းကြရမည်❞

သို့ဆိုပါလျှင် ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေးဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများရှိနေလင့်ကစား မြန်မာနိုင်ငံတွင် ပဋိပက္ခများ၊ နှောင့်ယှက်တိုက်ခိုက်မှုများ ရှိလင့်ကစား မိမိတို့နိုင်ငံ၏ ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး အဓိကကျသည့် စီးပွားရေးမောင်းနှင်အားကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးမောင်းနှင်အား ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကာ တိုင်းပြည်ဖျက်ဆီးသူများ၊ အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်နှင့်ပြည်သူ အတူလက်တွဲပြီး အပြီးတိုင် ချေမှုန်းရှင်းလင်းကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကာ တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုမည့် နိုင်ငံရေးအင်အားစုများ ပိုမိုတိုးတက်ထွန်းကားလာစေရန်အတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို အပိုင်း (၂) နှင့် (၃) တို့ကို အလားတူ ကျင်းပ၍ မြန်မာကို ကမ္ဘာက တန်ဖိုးထားဆက်ဆံလာမည့်၊ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာတော့မည်ဖြစ်ရာ နိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံသစ်ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲများ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံသားတိုင်း သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (Esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

"လာရောက် တက်ဖြစ်တာကတော့ မိဘတွေလည်း သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်စိတ်ဆန္ဒတစ်ခုကြောင့်လည်း တက်ရောက် ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလို သင်တန်းကြီးပြီးဆုံးသွားပြီဆိုတော့ ပီတိလည်းဖြစ်ပါတယ်။ အလွန်လည်း ကျေနပ်အားရပါတယ်။ တပ်မတော်သားကောင်း တစ်ယောက်ဖြစ်အောင် နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ့် တပ်မတော်သားတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။"

"သင်တန်းဆင်းရတာပျော်တော့ ပျော်ပါတယ်။ ဒါပေမယ့် ခွဲခွာရတဲ့ အချိန်ကျ တစ်ယောက်နဲ့ တစ်ယောက် ဝမ်းနည်းမိတယ်။ ဘယ်လိုသင်ခန်းစာတွေ ရလဲဆိုတော့ ကြုံတွေ့ရတဲ့အချိန်မှာတော့ ကျွန်တော် သဘောကျပါတယ်။ Uniform ဝတ်တာကအစ သဘောကျပါတယ်။ ကျွန်တော်လည်း တပ်မတော် သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ တပ်မတော်သားဆိုတာတော့ ကျရာနေရာမှာ တာဝန်ကျေပွန်အောင်ထမ်းဆောင်ရမယ်။ ဒီနေရာ မသွားနဲ့ဆို မသွားရဘူး။ ဒီနေရာ သွားဆို သွားမယ်။ ဒါလုပ်ဆို လုပ်လိုက်မယ်၊ ဒါမလုပ်နဲ့ဆို မလုပ်ဘူး။ တပ်မတော် သားကောင်း တစ်ယောက် ပီသစွာနေထိုင်မယ်လို့ ကျွန်တော်ခံယူထားပါတယ်။"

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်း စစ်သည်များအား သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**







# အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ဒီမိုကရေစီစနစ်ကိုလိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၉

**ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကိုအသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီးဖြစ်သည်။**

ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုက ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံအတွင်းရှိအချို့နေရာများ၌ ရွေးကောက်ပွဲ အထမမြောက်စေရန်၊ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ မဲရုံများသို့ မသွားနိုင်စေရန်၊ ဖွင့်လှစ်ပြီးမဲရုံများ ပျက်စီးဆုံးရှုံးစေရန်နှင့် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များ ထိတ်လန့်တုန်လှုပ်စေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများဖောက်ခွဲပြခြင်း၊ မဲရုံသို့လာရောက်ရန် ကြို/ပို့ ယာဉ်များအား တားဆီးခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း စသည့် ခြိမ်းခြောက်မှုများရှိခဲ့သကဲ့သို့ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့် ပစ်ခတ်ခြင်းနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့လုပ်ဆောင်ခဲ့ကြရာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ် (၈၂) ၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၃) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ် (၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂) တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား Fixed Wing ဖြင့် ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ယုဇနဆီအုန်းကုမ္ပဏီမာရမ်းပျိုးခြံမှ ဆန္ဒမဲပေးရန် မဲရုံသို့သွားရောက်သည့် ဆီအုန်းခြံလုပ်သား ၁၇၀ အား တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံး ခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့ စော်ဘွား (၁) ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့ မြောက်ဘက်နှင့်တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်း တို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊ တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်း အနီးတို့သို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ် ဇုန်အမှတ် (၉) မဲရုံအမှတ် (၆၄) အခြေခံပညာမူလတန်းကျောင်း (ပွဲ့နှ်)စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ဒီဇင်ဘာ ၂၇ ရက် ညနေမှ ၂၈ ရက် ညနေပိုင်းအထိ အပိုင်း (၁) မဲဆန္ဒနယ် ၁၀၂ မြို့နယ်အနက် မြို့နယ် ၁၁ ခုတို့၌ နှောင့်ယှက်မှုများပြုလုပ်ခဲ့ကြရာ ပြည်သူငါးဦးခန့်သာ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သော်လည်း လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နှောင့်ယှက်ပစ်ခတ်မှုနှင့် ခြိမ်းခြောက်မှုများကြားမှ အပိုင်း (၁) ကျင်းပသည့် ၁၀၂ မြို့နယ်လုံး၌ ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ကြသူများနှင့် နိုင်ငံတော်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာစီမံဆောင်ရွက်မှုများအပေါ် သံသယကင်းရှင်းပြီး ထောက်ခံကြသည့် မဲပေးပိုင်ခွင့်ရှိသူပြည်သူများက တစ်ခဲနက် မိမိတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲမှပင် စတင်စောင့်ဆိုင်းလျက် မဲရုံများ စာမျက်နှာ ၁၆ သို့



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် Drone ယာဉ်အား နည်းပညာအသုံးပြု၍ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။




အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွား(၁)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် နေအိမ်များပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ထွေ/အုပ်ရုံးအား Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမ ရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။





အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ် (၂) တံတားအနီး၌ ဒေသန္တရ လက်လုပ်မိုင်းများ ဖောက်ခွဲမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၉

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခင်နှစ် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ယခုနှစ်တွင် ပိုမိုစည်ကားသိုက်မြိုက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပရာတွင် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် မြို့နေပြည်သူများ စည်းလုံးပျော်ရွှင်စွာ ကစားနိုင်သည့် အားကစားနည်းများကို ထည့်သွင်းကျင်းပသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှုနှင့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးအကြံပြုတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သူနာပြုသားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် ဒီဇင်ဘာ ၂၉

သူနာပြုသားဖွားသင်တန်းကျောင်း (မော်လမြိုင်) နဝမအကြိမ် သူနာပြုနှင့်သားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ မောင်မယ်များအနေဖြင့် မိမိတို့၏ သူနာပြုစုစောင့်ရှောက်မှု အရည်အသွေးများ တိုးတက်မြင့်မားလာအောင်ကြိုးစားရင်း ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး ပြည့်ဝစွာပေးနိုင်ရန် အရေးကြီးကြောင်း၊ မည်သည့် ဒေသ၌ တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ တတ်မြောက်ထားသည့်ပညာရပ်များဖြင့် ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်နိုင်သူများ ဖြစ်ကြစေရန်၊ သူနာပြုသားဖွားများ၏ ကျင့်ဝတ်၊ သိက္ခာတို့ကို လေးစားလိုက်နာ၍ မေတ္တာ၊ ကရုဏာစိတ် အပြည့်အဝဖြင့် တာဝန်ထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (မော်လမြိုင်)အတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး သူနာပြုသားဖွား သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးနှုတ်ဆက်သည်။



ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး သူနာပြုသင်တန်းကျောင်းအုပ်ကြီးက သူနာပြုနှင့် သားဖွားဒီပလိုမာသင်တန်းတွင် အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူ ၈၂ ဦးအား အောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



☆ **ကျောဖုံးမှ**

ပြည်နယ်စည်ပင်ရုံး ဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့မှခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ကန်ကြီး ရပ်ကွက်သူ/ရပ်ကွက်သားများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည် ရိုးရိုးတန်း ၃၅၇ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၇၇ ဦးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် ပြင်ပ အင်္ဂလိပ်စာသင်တန်းကျောင်းမှကျောင်းသား ကျောင်းသူများ၊ အမှတ်(၅)ဈေးသူ ဈေးသားများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦး ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲ ကြာမြင့်၍ တောင်ကြီးဘူတာမှ နံနက် ၉ နာရီ စတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီး ဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ ထို့အတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီ ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည် ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှု လုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီတင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် အဆင့်မီဆီစက်များ လိုအပ်နေသဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့ခေါင်းဆောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း Golden Myanmar Development Co.,Ltd. က ဆောင်ရွက်နေသည့် ဆီစက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ချေးငွေရယူဆောင်ရွက်နေသည့် ဆီလှောင်ကန်များပြီးစီးမှု ၈၀ ရာခိုင်နှုန်းအခြေအနေနှင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ဒီဇင်ဘာ ၂၈ ရက်က ဆန္ဒမဲလာရောက်ပေးကြသူ မဲဆန္ဒရှင်ပြည်သူများအား ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အချိုရည်နှင့် ရေသန့်ဘူးများ ပေးဝေကြစဉ်။ ဦးကီးလိန်းဖေ

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေ မျှော်လင့်သလို ဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ဖမ်းဆီးငွေညှစ် ဓားပြတိုက်နေတဲ့ PDF ဓားပြ အကြမ်းဖက်အဖွဲ့"**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂.၁.၂၀၂၆ ရက်နေ့ ၀၄:၀၀ အချိန်တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄.၁.၂၀၂၆ ရက်နေ့ ၀၄:၀၀ အချိန်တွင် အလံတင်အခမ်းအနား၊ ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုအခမ်းအနားနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ပြင်ဦးလွင်မြို့၌ အပတ်စဉ်(၁၁) သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာအပ်နှင်းပွဲ ကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အပတ်စဉ်(၁၁) သစ်လွင်သားဖွားအလုပ်ခန့်အပ်လွှာအပ်နှင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးဒေါက်တာမြင့်မိုရ်စိုး၊ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းတို့က သားဖွားသင်တန်းဆင်းဆရာမ ၅၅ ဦးအား သစ်လွင်သားဖွားအလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆက်လက်၍ သစ်လွင်သားဖွားသင်တန်းဆင်း ဆရာမများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး




ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ခရမ်းမြို့နယ်၌ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ခရမ်း ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ခရမ်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် ဖူဆယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဖူဆယ်ဘောလုံးအသင်း ရှစ်သင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်က အနိုင်ရဗိုလ်စွဲသွားသော အထက(၁)အသင်း၊ ဒုတိယဆုရရှိသော အထက(၂)အသင်းနှင့် တတိယဆုရရှိသောအထက (ကွမ်းမိုးဒိန်း) အသင်းတို့အား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုများ၊ နှစ်သိမ့်ဆုရရှိသော အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများ၊ ဂိုးသွင်းအများဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

## ကျောက်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ One Stop Service ဖြင့် ဆောင်ရွက်

ကျောက်ကြီး ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခဲ့ခြင်း မရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး (One Stop Service) ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

**နေ့ချင်းပြီးဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ကြီးမြို့နယ် ဦးစီးအရာရှိ ဦးဆွေလွင်ဦးက ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအားလုံး မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး အတွက် ယခုလို နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျောက်ကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်ကြီးမြို့နယ် ရပ်ကွက်/ကျေးရွာ အသီးသီးမှ နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုင်ဆောင်ခဲ့ခြင်း မရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) ပြည်သူများထံ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေး ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

မကွေး ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် နံ့ဇူပင်ကျေးရွာ နံ့ဇူပင်စိုက်/ထွေ သမဝါယမအသင်းမှ အသင်းသား ဦးခင်မောင်ဝင်း၏ လယ် ၃ ဒသမ ၅ ဧကတွင် မိုးစပါး (ဆာဖိုးသာ) ရိတ်သိမ်းပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်းရရှိမှု ရှိ/မရှိ တို့ကို မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါ နံ့ဇူပင် စိုက်/ထွေ သမဝါယမအသင်းတွင် အသင်းသား ၉၀ တို့က မိုးစပါး(ဆာဖိုးသာ) ၂၂၂ ဧက စိုက်ပျိုးပြီး စီမံကိန်းအနေဖြင့် တစ်ဧကလျှင် ကျပ် ၃၀၄၅၀၀ တန်ဖိုးနှင့် ညီမျှသည့် မျိုးနှင့် သွင်းအားစုဖိုး ငွေကျပ် ၆၇ ဒသမ ၅၉၉ သန်းကို ထောက်ပံ့ခဲ့သည်။ အောင်လံမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ သက်တန့်ရောင်စီမံကိန်းအနေဖြင့် အသင်း နှစ်သင်း၊ အသင်းသားတောင်သူ ၁၁၂ ဦး၊ စိုက်ဧက ၃၂၂ ဧက အတွက် သွင်းအားစုပံ့ပိုး ငွေကျပ် စုစုပေါင်း ၁၀၁ ဒသမ ၀၉၄၂သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်

ကြို့ပင်ကောက် ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အိုးဘိုကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ငှက်ဖျားရောဂါအကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် သွေးဖောက်စစ်ဆေး ကုသခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုး၏ လမ်းညွှန်မှုဖြင့် ကူးစက်ရောဂါကုသရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ မေဇော်က ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြော၍ သွေးဖောက်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး လိုအပ်သောဆေးဝါးများ အခမဲ့ပေးအပ်သည်။



ထို့နောက် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆီးချိုနှင့် သွေးတိုးရောဂါများ စစ်ဆေးပေးပြီး အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၁၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၈၃။ | ဦးရှောက်ဆမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၁၀၆၈၄။ | ဦးဇာနည်ရွှေလှိုင်နှင့်ဇနီး ဒေါ်နီနီဝင်း မိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၁၀၆၈၅။ | ဦးတင်နှင့်ဇနီး ဒေါ်အိစာထွေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၆၈၆။ | ဒေါ်ဝင်းဝင်းမြိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၈၇။ | ကိုနိုင်ဝင်းနှင့်ဇနီး မသီသီညွန့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၆၈၈။ | ကွယ်လွန်သူဒေါ်မြမြဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၈၉။ | ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်မြတ်မျိုးစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၀။ | ဦးအောင်သူရဝင်းနှင့်ဇနီး ဒေါ်သန္တာလင်း၊ (သား)မောင်ခန့်တည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၁။ | ဦးဇော်ဇော်လတ်နှင့်ဇနီး ဒေါ်မြင့်မြင့်ထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၂။ | ကိုအောင်ကျော်မျိုးနှင့်ဇနီး မကေဇင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၃။ | ဦးကျော်ကျော်မြင့်နှင့်ဇနီး ဒေါ်ကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၄။ | ဦးမျိုးကိုကိုအောင်နှင့်ဇနီး ဒေါ်ဝင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၅။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်ထားယုနိုင်၊ (သား)မောင်သျှံဘုန်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၆။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၇။ | ကိုရန်နိုင်လင်းနှင့်ဇနီး မချိုချိုထွန်းစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၈။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ခင်မာသန်း၊ (သမီး)မလှိုင်ဝေဝေဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၉။ | ဦးမြင့်သောင်းနှင့်ဇနီး ဒေါ်အေးအေးမူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၀။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်ပေမာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၁။ | ကွယ်လွန်သူဦးစောကျော်စိန်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၂။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်တင်မော်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၄။ | ဦးစောသိန်းဦးနှင့်ဇနီး ဒေါ်ဝင်းကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၅။ | ကွယ်လွန်သူမကေခိုင်သင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၆။ | ကွယ်လွန်သူဦးကျော်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဟန်ထွန်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၈။ | ကိုခန့်ရှိန်းနှင့်ဇနီး မနှင်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၉။ | ကွယ်လွန်သူဦးမောင်အားရည်စူး၍ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၀။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၁။ | ကိုကျော်ဖုန်းမြင့်မိသားစုကောင်းမှု | ၉၉၀၀၀ |
| ၁၀၇၁၂။ | ဦးထင်ကျော်သူနှင့်ဇနီး ဒေါ်ခင်နန္ဒာမြင့်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၁၀၇၁၃။ | ဒေါ်အေးကြည်မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၇၁၄။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စိုးမြင့်နိုင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၅။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၆။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၇။ | ဦးမောင်နိုင်နှင့်ဇနီး ဒေါ်သန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၈။ | ဦးဘိုဘိုကျော်နှင့်ဇနီး ဒေါ်ချောစုဇင်၊ (သား)မောင်အားမာန်ပြည့်၊ (သမီး)မထက်ဆုယွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၉။ | ဦးကောင်းထက်လွင်နှင့်ဇနီး ဒေါ်ဆုဝေလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၀။ | ဦးမြကြိုင်နှင့်ဇနီး ဒေါ်ကြင်ငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၁။ | ကိုကောင်းခန့်စိုးနှင့်ဇနီး မခင်ဆုမြတ်နိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၂။ | ဦးမျိုးစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၃။ | ဒေါက်တာစိုးမြင့်ထွန်းနှင့်ဇနီး ဒေါက်တာမိုးမိုး၊ (သမီး)ဒေါက်တာဇာလီရှန်းလှဲထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၄။ | ဒေါ်ယဉ်နွယ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၅။ | ဦးစံလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၆။ | ကိုအေးနှင့်ဇနီး မယဉ်မင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၇။ | ဦးထွန်းခင်နှင့်ဇနီး ဒေါ်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၈။ | ဦးအောင်ထွန်းဦးနှင့်ဇနီး ဒေါ်ချိုချိုမာ၊ (သား)မောင်အောင်မြင့်မြတ်၊ မောင်သွင်ထူးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၉။ | ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်နန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၀။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်မေချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၁။ | ကိုကျော်စန်းဦးနှင့်ဇနီး ဒေါ်ဇင်မာနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ခင်ပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၃။ | ဦးကျော်လင်းနှင့်ဇနီး ဒေါ်ခင်ပြုံးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၄။ | ဦးကျော်ဇင်ညွန့်နှင့်ဇနီး ဒေါ်မြတ်လေးငယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၅။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ရင်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၈။ | ဦးဇင်ဘိုဘိုထွန်းနှင့်ဇနီး ဒေါ်ဝင်းမြတ်မွန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၉။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်သိင်္ဂီကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုပြည့်ဖြိုးအောင် နှင့်ဇနီး မဖြိုးဇင်နိုင်၊ (သမီး)မသွန်းဖြိုးရတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၁။ | ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၂။ | ကိုဇာနည်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၃။ | ဦးမောင်မောင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၄။ | ဒေါ်စန္ဒာအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၅။ | ဦးစိုးထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၂၁၆


**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၉၀)နေ မရတနာဆင့် [၁၂/မဂတ (နိုင်) ၁၁၂၆၅၈]၏ဖခင်အမည် ဦးမောင်မြင့် [၁၂/မဂတ (နိုင်) ၀၆၉၉၆၉]နှင့် ဦးကိုမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မရတနာဆင့်**
**[၁၂/မဂတ (နိုင်) ၁၁၂၆၅၈]**



**ပတ်စ်ပို့ပျောက်**

(ဘ) ဦးဘိုးကျော်စွာ၏ သား ဇေယျမင်း [၁၂/လသန (နိုင်) ၀၂၀၉၅၀]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၃၁၀၅၉၈၁**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ မြိတ်လမ်း၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် (၄)၊ အခန်းအမှတ်(၂၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးသီ [၁၂/ဒဂန(နိုင်)၀၂၂၇၆၉]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေး ပါရန် ဌာနသို့လျှောက်ထားလာခြင်းကို ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**ပျောက်ဆုံးကြောင်း**

(ဘ) ဦးအေးမောင်ကြည်၏ သမီး မစုမြတ်နိုင် [၉/ကပတ (နိုင်) ၂၇၈၁၅၂]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၈၉၇၈၃၂**



**ပျောက်ဆုံးကြောင်း**

(ဘ) ဦးအေးမောင်ကြည်၏ သမီး မသီတာထွန်း [၉/ကပတ (နိုင်) ၃၀၅၈၀၄]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၃၆၉၂၄၁**



**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၆-၁၂-၂၀၂၅)ရက်၊ ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးခင်အိ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးသက်အောင်[၁၂/သဃက(နိုင်)၁၆၈၁၂၄]အစား [၁၂/သကတ(နိုင်)၁၆၈၁၂၄]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၂၀၄) ဟုခေါ်တွင်သော တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ရောင်းချသူ ဒေါ်စိုးစိုးနွယ် [၃/ကကရ(နိုင်)၀၁၀၇၃၅]က မိမိမှ တရားဝင်ပိုင်ဆိုင်လက်ရောက်ရရှိထားသည့် အခန်းဖြစ်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိမှ စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း မြွက်ဟထုတ်ဖော် ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအေးမြ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၇၅၈)**
**အမှတ် (ဇ/၃၃၀)၊ ပြည်သာယာလမ်းသွယ် (၂)၊ ဇ/မြောက်ရပ်ကွက်**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၂၅၁၀၃၁၄၀၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ အမှတ်(၇၅၁)နေ (ဘ) ဦးကျော်ဦး၊ (အမိ) ဒေါ်ခင်မာအေးတို့၏ သားကြီးဖြစ်သူ မောင်အောင်နိုင်ထွန်း [၉/မလန(နိုင်)၁၆၈၈၀၂]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူဆောင်ရွက်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို မိဘများနှင့် သက်ဆိုင်ခြင်းမရှိဘဲ မည်သည့်ကိစ္စအရပ်ရပ်အဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်အောင်နိုင်ထွန်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ဦး** | **ဒေါ်ဇာခြည်သက်(LL.B)** |
| **[၉/မလန(နိုင်)၀၉၆၃၅၅]** | **အထက်တန်းရှေ့နေ (စဉ်–၄၈၁၇၈)** |
| **ဒေါ်ခင်မာအေး** | **ဖုန်း–၀၉–၄၄၀၉၈၆၁၄၆** |
| **[၉/မလန(နိုင်)၁၄၆၈၀၃]** | |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ကျွန်းရွှေဝါလမ်းမ၊ မြေကွက်အမှတ်–၁၈ ဟုခေါ်တွင်သော ခြံမြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းနိုင် [၁၁/မဥန(နိုင်)၀၄၂၃၅၁]၏ ဧရိယာ(၁)ဧကရှိသည့်အနက်မှ မြေကွက်အမှတ်(၂၀)၊ အလျားပေ(၂၀)xအနံပေ(၅၇)ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစန်းရီ [၁၄/ပတန(နိုင်)၂၅၅၇၄၅]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ ဖုန်း–၀၉–၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ လူနေရပ်ကွက်အမှတ် [ဦးကြင်ဥ (၁) လမ်း]၊ မြေကွက်အမှတ်(၉၄၃) ဟုခေါ်တွင်သော ဧရိယာ (၄၀ ပေx၆၀ ပေ) အကျယ်အဝန်းရှိဦးစက်ရှိန် (EI – ၀၁၄၆၂၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေx၆၀ ပေ) (ခြေရင်းခြမ်း)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းရှင် [၁၂/လမန(နိုင်)၀၅၁၅၀၃] (ဦးစက်ရှိန်၏ဇနီး)ထံမှ ကျွန်ုပ်မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထား များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၅၄)**
**အမှတ် (၉၄၂)၊ ဦးကြင်ဥ (၁) လမ်း၊ (၃၂) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၃၃၃၀၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ လူနေရပ်ကွက်အမှတ် [ဦးကြင်ဥ (၁) လမ်း]၊ မြေကွက်အမှတ် (၉၄၃) ဟုခေါ်တွင်သော ဧရိယာ (၄၀ ပေx၆၀ ပေ) အကျယ်အဝန်းရှိဦးစက်ရှိန် (EI – ၀၁၄၆၂၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေx၆၀ ပေ) (ခေါင်းရင်းခြမ်း)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန်းရှင် [၁၂/လမန(နိုင်)၀၅၁၅၀၃] (ဦးစက်ရှိန်၏ဇနီး)က ဒေါ်ခင်ခင်ဦး [၁၂/ဒဂမ(နိုင်)၀၀၇၉၅၃] (ဦးစက်ရှိန်၏တူမအရင်း)အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မျိုးမျိုးအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၅၄)**
**အမှတ် (၉၄၂)၊ ဦးကြင်ဥ (၁) လမ်း၊ (၃၂) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၃၃၃၀၉၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ် (၂၁/၂၃) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၇)ထပ်အဆောက်အဦ၏ ဒုတိယထပ်၊ ၃–လွှာ (B)၊ (ခြေရင်းခန်း)၊ (၁၆ ပေ x၅၀ ပေ) ခန့်အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇူလိုင်မွန် [၄/ပလဝ(နိုင်)၀၃၃၄၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက် မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲအရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၁၁၃၂၁၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၁၂–၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်နှင်းနုစိုး၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် ဦးမောင်မောင်ဝနဒွေး အစား ဦးမောင်မောင်နေဒွေးဟု လည်းကောင်း၊ မြေကွက်အမှတ်(၈၉၄/က+၈၉၄/ခ)အား မြေကွက်အမှတ်(၈၉၄/က+၈၉၃/ခ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## "ဒေါ်ခင်စန်းမြင့်နှင့် အများသိစေရန် ကြေညာခြင်း"

မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၁၀/၂၀၀၄ တွင် ဒေါ်ခင်စန်းမြင့်ပါ (၃) ဦးတို့က ဦးစိုးနိုင်အား တရားပြိုင်အဖြစ်ထားရှိပြီး မော်လမြိုင်မြို့၊ ကွင်းရပ်၊ အကွက်အမှတ် – ၇၅၊ ဦးပိုင်အမှတ်–၂/ဇ၊ မြေချိန်ဧရိယာ (၀.၁၀၇) ဧကရှိ မြေကွက်နှင့် အိမ်အမှတ်–၄၀ အား တရားလိုများ "ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" စွဲဆိုရာတွင် အမွေဆိုင်စုံလင်မှုမရှိဘဲ တစ်ဖက်သတ် စစ်ဆေးခဲ့ခြင်းမှာ မူလကတည်းကပင် တရားမဝင် ပျက်ပြယ်နေသော စီရင် ချက်နှင့် ဒီကရီဖြစ်ပါသည်။

ယင်းစီရင်ချက်နှင့် ဒီကရီကို အခြေပြု၍ မော်လမြို့နယ် မြေစာရင်းဦးစီးဌာနမှ မြေစာရင်းပုံစံ–၁၀၅/၁၀၆ တို့ကို ထုတ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော အမွေဆိုင်တစ်ဦးဖြစ်သူ ဦးသန်းဝင်း [၁၀/မလမ(နိုင်)၁၄၈၃၁၁] ကိုင်ဆောင်သူက အထက်ပါမြေစာရင်းမှတ်တမ်းကို ပယ်ဖျက်ပေးပါရန် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ တိုင်ကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်စန်းမြင့် အနေဖြင့်လည်းကောင်း၊ ကျန်အမွေဆိုင်များအနေဖြင့်လည်းကောင်း အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်း၏ သဘောတူညီချက်မပါရှိဘဲ အထက်အပိုဒ်(၁)ပါ မြေကွက်ပေါ်တွင် အဆောက်အဦသစ်ဆောက်လုပ်ခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်တင် LL.B., D.B.L**
**တရားလွှတ်တော်ရှေ့နေ (၃၃၃၆/၈၅)**
**အမှတ်–၁၅၃/ဘီ၊ (ပ–ထပ်)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**09-5070870, 09-955070870**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃၊ မြေကွက်အမှတ်–၅၂၊ ကျိုင်းတုံလမ်းအတွင်းတည်ရှိသည့် မြေအကျယ်အဝန်း(၄၀' x ၆၀')ရှိ နှစ်(၆၀)မြေငှား ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။**

အထက်ဖော်ပြပါမြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်သီတာချို [၁၂/မဂတ(နိုင်)၀၅၇၃၄၉]အမည်ဖြင့် မှတ်သားထားရှိ၍ ၎င်းအမည်ပေါက်သူကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ဒေါ်သီတာချိုထံမှ ကျွန်ုပ်၏အမှုသည်က လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြလျက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ယင်းပစ္စည်းအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိသူတို့က ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကြေညာသည့်ရက်မှအစပြု၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၉၉၇)**
**အမှတ်–၄၅၃၊ ဦးထွန်းဖံလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၇၈၅၀၂၂၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၃၊ မြေကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၅၁)၊ ကျိုင်းတုံလမ်းအတွင်းတည်ရှိသည့် မြေကွက်(၁)ကွက်၏ အကျယ်အဝန်း(၄၀' x ၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်(၄)ကွက်နှင့် ယင်းမြေကွက်(၄)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။**

အထက်ဖော်ပြပါမြေကွက်(၄)ကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏မြို့မြေစာရင်းတွင် ဦးဇော်ဇော်ထွန်း[၁၂/မဂတ(နိုင်)၀၀၂၇၃၃]အမည်ဖြင့် မြေငှားဂရန်စာချုပ်(၄)အုပ်၌ မှတ်သားထားရှိ၍ ၎င်းအမည်ပေါက်သူကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ မြေကွက်(၄)ကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ဦးဇော်ဇော်ထွန်းထံမှ ကျွန်ုပ်၏အမှုသည်က လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြလျက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် ယင်းပစ္စည်းအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိသူတို့က ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကြေညာသည့်ရက်မှအစပြု၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၉၉၇)**
**အမှတ်–၄၅၃၊ ဦးထွန်းဖံလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၇၈၅၀၂၂၃၇**

# ဥတုရာသီ တောကိုမှီ၍

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/B၊ မြေကွက်အမှတ်-၂၊ ဧရိယာ-၀.၄၈၇ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဗိုလ်ခြံလမ်း၊ အမှတ်-၂ ဟုခေါ်တွင်သည့် အဆောက်အအုံများသည် ဦးစင်မောင်ဆွေ (၁၂/လမန(နိုင်)၁၀၈၃၇၈)၏ အမည်ပေါက်ဖြစ်ပြီး မြေကွက်အမှတ်-၃၊ ဧရိယာ-၀.၅၂၀ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဗိုလ်ခြံလမ်း၊ အမှတ်-၃ ဟုခေါ်တွင်သည့် အဆောက်အအုံများသည် ဒေါ်တင်ဒွေး(၁၂/လမန(နိုင်)၀၆၄၅၅၉)၏ အမည်ပေါက်ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော အထက်အမည်ပါ ဦးစင်မောင်ဆွေ နှင့် ဒေါ်တင်ဒွေး တို့ဇနီးမောင်နှံထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အဆောက်အအုံများအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့ နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရန်ပြေ(၁၆)လမ်းအနောက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၈၉၁/ခ)၊ အိမ်အမှတ်(၂၅/ခ)၊ အကျယ်(၁၂၀၀)စတုရန်းပေရှိ ဦးအောင်မြင့်နှင့် ဒေါ်ခင်အုံးမြင့်တို့ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်၊ အကျယ်(၁၈x၅၄)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ရေ+မီးမီတာ အသုံးပြု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်သီတာချို[၁၂/ဗဟန(နိုင်)၀၀၂၅၂၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B, WIPO (Switzerland) "တရားလွှတ်တော်ရှေ့နေ" (စဉ်–၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဦးကျောက်ခဲလမ်း၊ မြေကွက် အမှတ် (၇၈၁)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက် အမှတ်(၇၈၀)နှင့်ကပ်လျက်ဘက်အခြမ်း မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့မှာ ဦးဂွန်သောင်းရွှေ[၁၂/အစန(နိုင်)၀၄၉၆၅၂]အမည်ပေါက် ပါမစ်မြေကွက်အဖြစ်တည်ရှိပြီး ယခုရောင်းချသူ ဒေါ်ဇော်မျိုးမျိုးခင် [၈/ရနခ(နိုင်)၁၃၁၂၆၈]မှ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သွယ်သဉ္ဇာနိုင်ဦး [၇/တငန(နိုင်)၁၈၃၀၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးချမ်းမွန် (LL.B, DIPL) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၀၂၅၈၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၁၀၇)ပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခန်းအမှတ်(၈–ဘီ)၊ သတ္တမထပ်(၈–လွှာ)၊ အကျယ်အဝန်း(၁၇ပေx၅၄ ပေ)၊ အမြင့်(၁၀ပေ)၊ ဓာတ်လှေကားပါ၊ ကိုယ်ပိုင်ရေမီးစုံပါဝင်သည့် ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်အိအိကျော်[၁၂/ဥကတ(နိုင်)၀၅၉၂၈၃]ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေမီဖူး [၁၂/သဃက(နိုင်)၁၆၈၃၅၂]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေမီဖူး၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင် LL.B,D.B.L** |
| **(စဉ်–၁၁၉၀၁)** | **(စဉ်–၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း–၀၉–၄၂၁၁၄၀၃၂၉၊ ၀၉–၄၂၁၀၇၂၄၉၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်-( ၁၆၄ )၊ (မြေညီထပ်+ထပ်ခိုးလွှာပြည့်) အကျယ်အဝန်း-( ၂၀-ပေ×၄၅-ပေ )ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်ခင်ခင်ကြူ ( ၁၃/ဟပန (နိုင်) ၀၀၁၈၉၆ )ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီခဲ့ပါသည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ခိုင်ဇင်လတ် | ဦးသွင်ဇာနည်ဦး |
| အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၅၅) |

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊ ၈၂၉၆၁၃၂။

❖ **သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း တောင်ကြီး-ပေါမူ၊ ပေါမူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား



နေပြည်တော် ဒီဇင်ဘာ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး (အသွား/အပြန်)ရထားခရီးစဉ်ကို ခရစ္စမတ်ရုံးပိတ်ရက်ကာလဖြစ်သည့် ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် ပြေးဆွဲပေးခဲ့ရာ ရထားစီးခရီးသည် စီးနင်းမှုများပြားခဲ့ကြောင်း သိရသည်။

**တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲ**

ရှုခင်းကြည့်ရထားခရီးစဉ်ကို ပြည်သူများကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် များပြားမှုကြောင့် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့သည်။

ရထားစီးနင်းမှုအနေဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ပြည်နယ်ဆည်မြောင်းရုံးမှဝန်ထမ်းနှင့် မိသားစုများ၊ နမ့်ဆန်မြို့သူ/ မြို့သားများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်သူ/ရပ်ကွက်သားများ၊ ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများနှင့် ကျန်ခရီးသည်များ လိုက်ပါကြပြီး နှစ်ခေါက်ပေါင်းခရီးသည် ရိုးရိုးတန်း ၃၇၂ ဦး၊ အထက်တန်း ၁၂၀ စုစုပေါင်း ၄၉၂ ဦး၊ ဒီဇင်ဘာ ၂၆ ရက်တွင် လွယ်ကောင်းရွာနှင့် ပလီလင်းရွာတို့မှ မိသားစုများ၊ စဝ်စံထွန်းဆေးရုံမှ ဝန်ထမ်းများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ စုစုပေါင်း ၂၄၆ ဦး၊ ဒီဇင်ဘာ ၂၇ ရက်တွင် Zumbar စက်ဘီးစီးအဖွဲ့များ၊ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✮

## အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်ကို ရှုံးကြွေးပြန်ဆပ်ပြီး တတိယဆုရရှိ



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၉

၂၀၂၅ အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၉ ရက်က ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာအသင်း တတိယဆုရရှိခဲ့သည်။

တတိယလုပွဲတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲတွေ့ဆုံရာတွင် ဗီယက်နမ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ✻

## အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက် ပြန်အစားထိုးရန်သတ်မှတ်သည့်လက်ကျန်ရက်အား ပြင်ဆင်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ရက်ရှည်အနားယူ အပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ ရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသွားခဲ့ပြီး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့) နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ ဒီဇင်ဘာ ၂၆ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ကာ တစ်ဆက်တည်းရုံးပိတ်ရက်လေးရက်အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့)သည် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်များနှင့် လွတ်လပ်ရေးနေ့ ရုံးပိတ်ရက်အကြားရှိ ကြားရက်ဖြစ်နေခြင်း၊ နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်ကာလနှင့် တစ်ဆက်တည်းဖြစ်နေခြင်း၊ လွတ်လပ်ရေးနေ့ အကြိုကာလဖြစ်နေခြင်းတို့ကြောင့် စနေနေ့ အစားထိုးရုံးတက်ရက်အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့) အစား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်(စနေနေ့)ကို ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်အား မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင် စာမျက်နှာ » ၁၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲများ ကျင်းပ စာမျက်နှာ » ၁၄

အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ဒီမိုကရေစီစနစ်ကိုလိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ စာမျက်နှာ » ၁၅